# ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ

[၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁၃။]

## နိဒါန်း

ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာတရားသူကြီးအဖွဲ့များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပြဋ္ဌာန်းရန် လိုအပ်သောကြောင့် ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **လွှတ်တော်** ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်၊

(ခ) **တရားသူကြီးအဖွဲ့** ဆိုသည်မှာ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ် တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့၊ ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့များကိုဆိုသည်၊

(ဂ) **ဒေသဆိုင်ရာတရားသူကြီးအဖွဲ့** ဆိုသည်မှာ ပြည်နယ်တရားသူကြီးအဖွဲ့၊ တိုင်းတရားသူကြီးအဖွဲ့၊ မြို့နယ်တရားသူကြီးအဖွဲ့၊ ရပ်ကွက်တရားသူကြီးအဖွဲ့၊ ကျေးရွာအုပ်စု တရားသူကြီး အဖွဲ့များကို ဆိုသည်၊

(ဃ) **တရားစီရင်ရေးအဖွဲ့** ဆိုသည်မှာ ဗဟိုတရားစီရင်ရေးအဖွဲ့၊ ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့ကိုဆိုသည်၊

(င) **တရားရေးဝန်ထမ်း** ဆိုသည်မှာ တရားသူကြီးအဖွဲ့ အဆင့်ဆင့်၏ တရားစီရင်မှုလုပ်ငန်းများ လုပ်ဆောင်ရာ၌ ဥပဒေရေးရာ အကြံပေးချက်များ ရယူရန် လည်းကောင်း၊ ရုံးလုပ်ငန်းများ ဆောင်ရွက်ရန် လည်းကောင်း ဥပဒေနှင့်အညီ ခန့်ထားသော ဝန်ထမ်းများကိုဆိုသည်၊

(စ) **မူလမှု** ဆိုသည်မှာ သက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့က ပထမဦးစွာ စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့်အမှုကိုဆိုသည်၊

(ဆ) **အယူခံမှု** ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သော စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်၍ အဆင့်မြင့်သော တရားသူကြီးအဖွဲ့ အသီးသီးသို့ဥပဒေနှင့် အညီ အယူခံသောအမှုကိုဆိုသည်၊

(ဇ) **ပြင်ဆင်မှု** ဆိုသည်မှာ တရားစီရင်ရေးအဖွဲ့တဖွဲ့က ချမှတ်လိုက်သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အဆင့်မြင့်သော တရားသူကြီးအဖွဲ့ အသီးသီးက ဤဥပဒေနှင့် အခြားရှိရင်းစွဲ ဥပဒေများနှင့်အညီ ပြန်လည်စိစစ်ရန်ဖွင့်လှစ်သော အမှုကိုဆိုသည်၊

(ဈ) **စောဒကမှု** ဆိုသည်မှာ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဗဟိုတရားစီရင်ရေးအဖွဲ့၏ စီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပြည်သူ့တရားသူကြီးအဖွဲ့သို့ ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်း၍ တင်သွင်းသော အမှုကိုဆိုသည်။

# အခန်း (၂)

## ဖွဲ့စည်းခြင်းနှင့် ရည်ရွယ်ချက်

၃။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့ကို အခြေခံ ဥပဒေပုဒ်မ ၉၅ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့၏ သက်တမ်းသည် လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်သည်။ ပြည်သူ့ တရားသူကြီး အဖွဲ့သည် လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်အခါ ပြည်သူ့ တရားသူကြီး အဖွဲ့အသစ် ရွေးချယ် တင်မြှောက်ပြီးသည်အထိ လုပ်ငန်းတာဝန် များကို ထမ်းဆောင်ရမည်။

၄။ (က) ဒေသဆိုင်ရာတရားသူကြီးအဖွဲ့ကို အခြေခံဥပဒေပုဒ်မ ၁၀၆ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ် တင်မြှောက် ဖွဲ့စည်းရမည်၊

(ခ) ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့၏ သက်တမ်းသည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီ၏ သက်တမ်းနှင့်အညီဖြစ်သည်။ ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့သည် သက်ဆိုင်ရာ ပြည်သူ့ကောင်စီသက်တမ်း ကုန်ဆုံးသည့်အခါ ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့အသစ် ရွေး ချယ်တင်မြှောက်ပြီးသည်အထိ လုပ်ငန်း တာဝန်များကို ထမ်း ဆောင်ရမည်။

၅။ ပြည်သူ့ တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့များကို အောက်ပါရည်ရွယ်ချက်များဖြင့် ရွေးချယ်တင်မြှောက် ဖွဲ့စည်းထားရှိသည်—

(က) အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော တရားစီရင်ရေး ဆိုင်ရာ မူများကို အကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) လွှတ်တော်က ချမှတ်သော တရားစီရင်ရေးနှင့် ပတ်သက်သည့် လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်၊

(ဂ) ပြည်သူတို့၏ အရေးအခင်းကို ပြည်သူတို့ကိုယ်တိုင် ကျယ်ကျယ် ပြန့်ပြန့် ပါဝင်သောအဖွဲ့က ဥပဒေထုံးတမ်းနှင့်အညီ ညီညွတ်စွာ ညှိနှိုင်း၍ စီရင်ဆုံးဖြတ်ရန်၊

(ဃ) တရားစီရင်ရေး ကိစ္စရပ်များကို ဆောင်ရွက်ရာ၌ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုကို စည်းရုံးရယူရန်။

# အခန်း (၃)

## တရားစီရင်ရေးဆိုင်ရာမူများ

၆။ တရားစီရင်ရာတွင် အောက်ပါမူများအပေါ်အခြေခံ၍စီရင်ရမည်—

(က) ဆိုရှယ်လစ်စနစ်ကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ခ) လုပ်သားပြည်သူတို့၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်း၊

(ဂ) ဥပဒေနှင့်အညီ လွတ်လပ်စွာတရားစီရင်ခြင်း၊

(ဃ) ဥပဒေကို ပြည်သူများ နားလည်လိုက်နာကျင့်သုံးလာစေရန် ပညာပေးခြင်း၊

(င) ပြည်သူအချင်းချင်းနှင့် ပတ်သက်သော အမှုကိစ္စများကို ဥပဒေခွင့်ပြုချက်ဘောင်အတွင်း၌ ဖြစ်နိုင်သရွေ့ ကျေအေးပြီးပြတ်စေရန် ဆောင်ရွက်ခြင်း၊

(စ) ဥပဒေအရ တားမြစ်ထားချက်မှအပ ပြည်သူလူထုရှေ့မှောက်တွင် တရားစီရင်ခြင်း၊

(ဆ) အမှုတွင် ခုခံချေပခွင့်နှင့် ဥပဒေအရ အယူခံပိုင်ခွင့်ပေးခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သူကို အရေးယူအပြစ်ပေးရာတွင် အကျင့်စာရိတ္တပြုပြင်မှုကို ဦးတည်ခြင်း။

၇။ တရားစီရင်ရာတွင် အဖွဲ့ဖြင့်သာစီရင်ရမည်။

၈။ တရားစီရင်ရာတွင် မြန်မာစာကိုအသုံးပြုရမည်။ လိုအပ်ပါက သက်ဆိုင်ရာ တိုင်းရင်းသားစာကို အသုံးပြုနိုင်သည်။ လိုအပ်လျှင် စကားပြန်များရရှိစေရန် စီစဉ်ပေးရမည်။

၉။ တရားစီရင်ရာတွင် မည်သည့်ပြစ်မှုဆိုင်ရာဥပဒေမျှ နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရ။

၁၀။ ပြစ်မှုထင်ရှား စီရင်ရာတွင် လူ့သိက္ခာ ညှိုးနွမ်း သေးသိမ်စေသော ပြစ်ဒဏ်မျိုးမပေးရ။

၁၁။ ရှိရင်းစွဲ ဥပဒေအရ တိုင်းရင်းသားများ၏ ဓလေ့ ထုံးတမ်းကိုလိုက်နာကျင့်သုံးနေသည့် ဒေသများတွင် တရားစီရင်ရေး အဖွဲ့များသည် သက်ဆိုင်ရာ ဓလေ့ထုံးတမ်းကိုကျင့်သုံး၍ စီရင်ဆုံးဖြတ်နိုင်သည်။ ယင်းဒေသများတွင် ရှိရင်းစွဲဥပဒေအရ ကျင့်သုံးနေသည့် လုပ်ထုံးလုပ်နည်းများကိုလိုက်နာနိုင်သည်။

၁၂။ တရားသူကြီးအဖွဲ့သည် ရှိရင်းစွဲကျင့်ထုံးနှင့် လုပ်ထုံး လုပ်နည်းများကို အခြေခံဥပဒေနှင့်လည်းကောင်း၊ ဤဥပဒေနှင့်လည်းကောင်း မဆန့်ကျင်သမျှ လိုက်နာကျင့်သုံးရမည်။

## အခန်း(၄)

## ပြည်သူ့တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၃။ ပြည်သူ့ တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) လွှတ်တော်ကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေးအခြေအနေကိုလွှတ်တော်သို့အစီရင်ခံခြင်း၊

(ဂ) လွှတ်တော် အစည်းအဝေး ကျင်းပသည့် ကာလမဟုတ်လျှင် နိုင်ငံတော်ကောင်စီကို တာဝန်ခံခြင်း၊

(ဃ) နိုင်ငံတော်ကောင်စီက ဥပဒေများ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် အကြံဉာဏ်ပေးခြင်း၊

(င) နိုင်ငံတော် ကောင်စီကဖြစ်စေ၊ လွှတ်တော်ရေးရာ ကော်မီတီ တရပ်ရပ်ကဖြစ်စေ မေးမြန်းလို၍ ဖိတ်ခေါ်လျှင်တက်ရောက် ရှင်းလင်းပြခြင်း။

၁၄။ ပြည်သူ့ တရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

(က) ဥပဒေကြမ်းများနှင့် နည်းဥပဒေကြမ်းများကို အခြေခံဥပဒေနှင့် အညီ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့တင်သွင်းခြင်း၊

(ခ) ဥပဒေအရ လိုအပ်သောစည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ခြင်း၊

(ဂ) နိုင်ငံတော်အတွင်းရှိ တရားစီရင်ရေးအဖွဲ့များ၊ တရားရုံးများနှင့် တရားရေးဝန်ထမ်း အဖွဲ့အစည်း အဆင့်ဆင့်ကို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့အချုပ်စခန်းများတွင် အပြစ်ကျမှုများနှင့် အချုပ်ခံနေရသူ များကို လိုအပ်သည့်အခါ ကြည့်ရှုခြင်း။

# အခန်း (၅)

## ပြည်သူ့တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၁၅။ ပြည်သူ့ တရားသူကြီးအဖွဲ့သည် နိုင်ငံတော်တွင် အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့ဖြစ်သည်။

၁၆။ ပြည်သူ့တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်း စီရင်ပိုင်ခွင့်ရှိသည်—

(က) ပင်လယ်ရေကြောင်းအမှုကို စီရင်ခြင်း၊

(ခ) မိမိ၏ဆုံးဖြတ်ချက်အရ လွှဲပြောင်းရယူသောအမှုကို စီရင်ခြင်း၊

(ဂ) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့တဖွဲ့မှ အခြားဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့ တဖွဲ့သို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဃ) ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကိုစီရင်ခြင်း၊

(င) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့ကချမှတ်သော သေဒဏ်အမိန့်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(စ) ဒေသဆိုင်ရာ တရားစီရင်ရေးအဖွဲ့က ချမှတ်သော စီရင်ချက်၊ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုကိုစီရင်ခြင်း၊

(ဆ) စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(ဇ) လုပ်ငန်းဆိုင်ရာ တရားစီရင်ရေးအဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကိုစီရင်ခြင်း၊

(ဈ) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၁၇။ ပြည်သူ့ တရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော ဗဟို တရားစီရင်ရေး အဖွဲ့သည် ပြည်သူ့တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

၁၈။ ပြည်သူ့တရားသူကြီးအဖွဲ့တဖွဲ့လုံးသည် အောက်ဖော်ပြပါ အမှုများကို ကြားနာစစ်ဆေးနိုင်သည်——

(က) ဗဟို တရားစီရင်ရေးအဖွဲ့က ယင်း၏ မူလစီရင်ပိုင်ခွင့် အတွင်း ချမှတ်သောစီရင်ချက်၊ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အယူခံမှု၊

(ခ) စောဒကမှု။

၁၉။ ပုဒ်မ ၁၈ ပုဒ်မခွဲ (က)နှင့်(ခ) တို့အရ ကြားနာ စီရင်ရာတွင်မူလမှု၊ အယူခံမှု သို့မဟုတ် ပြင်ဆင်မှုကို စစ်ဆေးဆုံးဖြတ်ခဲ့သော ပြည်သူ့တရား သူကြီးအဖွဲ့ဝင်များသည်လည်း ပါဝင်နိုင်ခွင့်ရှိသည်။

## အခန်း (၆)

## ဗဟိုတရားစီရင်ရေးအဖွဲ့နှင့် တရားရေးဝန်ထမ်း အဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းခြင်း

၂၀။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့သည် တဖွဲ့လျှင် အဖွဲ့ဝင် အနည်းဆုံး ၃ ဦးပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့များကိုမိမိတို့ အဖွဲ့ဝင်များဖြင့်သာ ဖွဲ့စည်းရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့သည် ဗဟိုတရားစီရင်ရေး အဖွဲ့များကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

၂၁။ ပြည်သူ့တရားသူကြီးအဖွဲ့သည် နိုင်ငံတော်ကောင်စီ၏ သဘောတူညီချက်ကိုရယူ၍ တရားရေးဝန်ထမ်း အဖွဲ့အစည်းအဆင့်ဆင့်ကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်။ လိုအပ်သောတရားရေး ဝန်ထမ်းများကို ဥပဒေနှင့်အညီ ခန့်အပ်နိုင်သည်။

# အခန်း (၇)

## ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၂၂။ ပြည်သူ့ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့တရားသူကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ရုံး၊ အဆင့်ဆင့်သော တရားရုံးနှင့် တရားရေးဝန်ထမ်းများ၊ ရုံးဝန်ထမ်းများအား လမ်းညွှန်ခြင်း၊

(ဂ) ပြည်သူ့ တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူ ကျင်းပခြင်း၊

(ဃ) ပြည်သူ့ တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကိုအတည် ပြုခြင်း၊

(င) ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(စ) ပြည်သူ့ တရားသူကြီးအဖွဲ့ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို နိုင်ငံတော်ကောင်စီသို့ အခါအားလျော်စွာတင်ပြခြင်း၊

(ဆ) ပြည်သူ့တရားသူကြီးအဖွဲ့မှ လွှတ်တော်သို့တင်ပြရန် လိုအပ်သည့်ကိစ္စရပ်များကို ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ နိုင်ငံတော်ကောင်စီမှတဆင့် လွှတ်တော်သို့ တင်ပြခြင်း၊

(ဇ) ပြည်သူ့တရားသူကြီးအဖွဲ့က ထုတ်ပြန်သော အမိန့်များ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပေးခြင်း၊

(ဈ) ပြည်သူ့ တရားသူကြီးအဖွဲ့က ဥက္ကဋ္ဌအား လွှဲအပ်ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၂၃။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့က တာဝန်ယူရမည့် လုပ်ငန်းများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် ပြည်သူ့တရားသူကြီး အဖွဲ့၏ သဘောတူညီချက်ဖြင့် အဖွဲ့ဝင်များအား သင့်တော်သလို ကဏ္ဍများခွဲဝေ၍ တာဝန်ပေးအပ်နိုင်သည်၊

(ခ) ကဏ္ဍများခွဲဝေ၍ တာဝန်ယူ ကြသော်လည်း ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များသည် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ချက်များကို ပြည်သူ့တရားသူကြီးအဖွဲ့ ပုံမှန်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၂၄။ (က) ပြည်သူ့တရားသူကြီးအဖွဲ့တွင်တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ (ခ)ပါပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုသေးမီ ဥက္ကဋ္ဌ၏တာဝန် ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲ ထမ်းဆောင်ရန် ပြည်သူ့ တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်သူ့ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိတာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်း မရှိလျှင် ပြည်သူ့တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သောအဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

# အခန်း (၈)

## ပြည်သူ့တရားသူကြီးအဖွဲ့ဝင်များ

၂၅။ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်သူ့ တရားသူကြီးအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက် မပြတ်လေ့လာ၍ လိုအပ်သလိုပါဝင်တင်ပြခြင်း၊

(ဂ) မိမိတာဝန်ယူသည့်ကဏ္ဍနှင့် ပတ်သက်သော တွေ့ရှိချက်များ နှင့် ဆောင်ရွက်ချက်များကို ပြည်သူ့ တရားသူကြီး အဖွဲ့သို့ တင်ပြခြင်း၊

(ဃ) ပြည်သူ့တရားသူကြီးအဖွဲ့က ပေးအပ်သောအခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၂၆။ ပြည်သူ့တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့်အဖွဲ့ဝင် နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၉၅ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ်တင်မြှောက်ရမည်။

# အခန်း (၄)

## ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၇။ ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာပြည်သူ့ကောင်စီကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေး အခြေအနေကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ပြည်သူ့တရားသူကြီးအဖွဲ့သို့ အစီရင်ခံခြင်း၊

(ဂ) မိမိတို့ကဖွဲ့စည်းပေးသည့် တရားစီရင်ရေး အဖွဲ့များနှင့်တရားရုံးများကို ကြီးကြပ်ကွပ်ကဲခြင်း။

၂၈။ ပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့်တိုင်း တရားစီရင်ရေးအဖွဲ့တဖွဲ့က ယင်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အမှုတမှုကို လက်ခံစစ်ဆေးရန် မသင့်ဟုယူဆ၍ တင်ပြလာလျှင် မိမိတို့က ဖွဲ့စည်းထားသော ပြည်နယ်နှင့်တိုင်း တရားစီရင်ရေး အဖွဲ့တခုခုသို့ လွှဲပြောင်းပေးနိုင်ခွင့်ရှိခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ တင်ပြသောအမှုကို မိမိတို့ ပြည်နယ်နှင့်တိုင်း အတွင်း စစ်ဆေးစီရင်ရန် မသင့်ဟုယူဆလျှင် ပြည်သူ့တရား သူကြီးအဖွဲ့သို့ တင်ပြခွင့်ရှိခြင်း၊

(ဂ) အကျဉ်းစခန်းများ၊ ရဲဘက်စခန်းများ၊ ပြည်သူ့ရဲတပ်ဖွဲ့အချုပ် စခန်းများတွင် အပြစ်ကျများနှင့် အချုပ်ခံနေရသူများကို လိုအပ်သည့်အခါ ကြည့်ရှုခြင်း။

၂၉။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့များက ဖွဲ့စည်းထားသောတရား စီရင်ရေးအဖွဲ့များသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ကြီးကြပ် ကွပ်ကဲမှုကို ခံယူရမည်။

# အခန်း (၁၀)

## ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၃၀။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်းစီရင်ပိုင်ခွင့်ရှိသည်—

(က) တရားမ မူလမှုကိုစီရင်ခြင်း၊

(ခ) မြို့နယ် တရားသူကြီးအဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့တို့က ရှိရင်းစွဲဥပဒေအရ လက်ခံကြားနာစီရင်နိုင်ခွင့်မရှိသော တရားမမှုကို စီရင်ခြင်း၊

(ဂ) ပြစ်မှုဆိုင်ရာ မူလမှုကို စီရင်ခြင်း၊

(ဃ) သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်တရားစီရင်ရေးအဖွဲ့က ချမှတ်သောသေဒဏ်အမိန့်ကို အတည်ပြုခြင်းဆိုင်ရာ စီရင်ခြင်း၊

(င) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ် တရားစီရင်ရေးအဖွဲ့ကချမှတ်သောသေဒဏ်အမိန့်မှအပ၊ အခြားစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်အပေါ် အယူခံမှုကိုစီရင်ခြင်း၊

(စ) သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအတွင်းရှိ မြို့နယ်တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်အပေါ် ပြင်ဆင်မှုကို စီရင်ခြင်း၊

(ဆ) သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းအတွင်းရှိ ဒေသဆိုင်ရာတရားစီရင်ရေးအဖွဲ့တဖွဲ့မှ ယင်းပြည်နယ်နှင့် တိုင်းအတွင်းရှိ ဒေသဆိုင်ရာ တရားစီရင်ရေး အဖွဲ့တဖွဲ့သို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ခြင်း၊

(ဇ) ပြစ်မှုကျူးလွန်သည်ဟု စီရင်ခြင်း ခံရသူအား အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် ၅ နှစ်အထိ ကောင်းမွန်စွာ နေထိုင်စေရန်စီရင်ခြင်း၊

(ဈ) ကလေးသူငယ်များ ဥပဒေအရစီရင်ခြင်း၊

(ည) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၃၁။ ပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့သည် ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့၏ စီရင်ပိုင်ခွင့်ကို ကျင့်သုံးရမည်။

# အခန်း (၁၁)

## ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့နှင့် ပြည်နယ်နှင့် တိုင်း တရားရုံး ဖွဲ့စည်းခြင်း

၃၂။ (က) ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့သည် တဖွဲ့လျှင်အဖွဲ့ဝင် အနည်းဆုံး ၃ ဦးပါဝင်သော ပြည်နယ်နှင့်တိုင်းတရားစီရင်ရေး အဖွဲ့များကို မိမိတို့အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဖွဲ့စည်းရာတွင် မိမိတို့တရားသူကြီး အဖွဲ့ဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် မိမိတို့ တရားသူကြီးအဖွဲ့ဝင် တဦးဦးကို ဦးဆောင်စေ၍ ပြည်နယ်နှင့်တိုင်း ပြည်သူ့ကောင်စီဝင်များ ဖြင့် တရားစီရင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ပြည်သူ့ ကောင်စီဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် အခြား သင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၃၃။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သည် မိမိဖွဲ့စည်းသည့် ပြည်နယ်နှင့် တိုင်း တရားစီရင်ရေးအဖွဲ့ကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းနိုင် သည်။

၃၄။ ပြည်နယ်နှင့် တိုင်း ရုံးစိုက်ရာမြို့တွင် ပြည်နယ်နှင့် တိုင်း တရားရုံး အနည်းဆုံးတခုကို ဖွဲ့စည်းထားရှိရမည်။

## အခန်း (၁၂)

## ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၃၅။ ပြည်နယ်နှင့်တိုင်းတရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(ဂ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(င) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို သက်ဆိုင်ရာ ပြည်သူ့ ကောင်စီနှင့် ပြည်သူ့ တရားသူကြီးအဖွဲ့သို့ အခါအားလျော်စွာတင်ပြခြင်း၊

(စ) ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့မှ သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ တင်ပြရန် လိုအပ်သည့်ကိစ္စရပ်များကို ပြည်နယ်နှင့် တိုင်း တရားသူကြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍တင်ပြခြင်း၊

(ဆ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က ထုတ်ပြန်သောအမိန့်များ၊ အမိန့် ကြော်ငြာစာများကို ထုတ်ပြန်ပေးခြင်း၊

(ဇ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က ဥက္ကဋ္ဌအား လွှဲအပ်ထားသောလုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၃၆။ (က) ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့တွင် တစုံတခုသောအကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အညီရွေးချယ်တင်မြှောက်ရမည်၊

(ခ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ အသစ် ရွေးချယ်တင်မြှောက်ခြင်း မပြုသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို အဖွဲ့ဝင်တဦးက ယာယီ ပူးတွဲထမ်းဆောင်ရန်ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိ၏တာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်းမရှိလျှင် ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သောအဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏ တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

# အခန်း (၁၃)

## ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်များ

၃၇။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့ဝင်များ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့၏ လုပ်ငန်းများကိုအကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(ဂ) ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့က ပေးအပ်သော အခြားတာဝန်များကို ထမ်းဆောင်ခြင်း။

၃၈။ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၀၆ ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

## အခန်း (၁၄)

## မြို့နယ်တရားသူကြီးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၃၉။ မြို့နယ် တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါ အတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာပြည်သူ့ကောင်စီကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေးအခြေအနေကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းတရားသူကြီးအဖွဲ့သို့အစီရင်ခံခြင်း၊

(ဂ) မိမိတို့က ဖွဲ့စည်းပေးသည့် တရားစီရင်ရေး အဖွဲ့များနှင့်တရားရုံးများကို ကြီးကြပ်ကွပ်ကဲခြင်း။

၄၀။ မြို့နယ် တရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ် တရားစီရင်ရေးအဖွဲ့တဖွဲ့က ယင်း၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်သောအမှုတမှုကို လက်ခံစစ်ဆေးရန်မသင့်ဟု ယူဆ၍ တင်ပြလာလျှင်မိမိတို့ကဖွဲ့စည်းထားသော မြို့နယ်တရားစီရင်ရေးအဖွဲ့တခုခုသို့ လွှဲပြောင်းပေးခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ တင်ပြသောအမှုကို မိမိတို့မြို့နယ်အတွင်း စစ်ဆေးစီရင်ရန်မသင့်ဟုယူဆလျှင် ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့သို့ တင်ပြခြင်း။

၃၈။ မြို့နယ်တရားသူကြီးအဖွဲ့များက ဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့များသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

# အခန်း (၁၅)

## မြို့နယ်တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၄၂။ မြို့နယ်တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်းစီရင်ပိုင်ခွင့်ရှိသည်—

(က) ကျပ်တသောင်းအထိတန်ဘိုးရှိသောတရားမ မူလမှုကိုစီရင်ခြင်း၊

(ခ) ပြစ်မှုဆိုင်ရာ မူလမှုကို စီရင်ခြင်း၊

(ဂ) ပြစ်မှုဆိုင်ရာဥပဒေ၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအရ တင်သွင်းသောလျှောက်ထားမှုကို စီရင်ခြင်း၊

(ဃ) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်နှင့်ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်ခြင်း၊

(င) သက်ဆိုင်ရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့က ချမှတ်သောစီရင်ချက်၊ အမိန့်နှင့် ဆုံးဖြတ်ချက်အပေါ်ပြင်ဆင်မှုကို စီရင်ခြင်း၊

(စ) သက်ဆိုင်ရာ မြို့နယ်အတွင်းရှိ မြို့နယ် တရားစီရင်ရေးအဖွဲ့၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့တဖွဲ့မှ ယင်း မြို့နယ်အတွင်းရှိ မြို့နယ် တရားစီရင်ရေးအဖွဲ့၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့တဖွဲ့သို့ အမှုလွှဲပြောင်း ပေးမှုကို စီရင်ခြင်း၊

(ဆ) ပြစ်မှုကျူးလွန်သည်ဟု စီရင်ခြင်းခံရသူအား အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် ၃ နှစ်အထိ ကောင်းမွန်စွာ နေထိုင်စေရန် စီရင်ခြင်း၊

(ဇ) ကလေးသူငယ်များ ဥပဒေအရ စီရင်ခြင်း၊

(ဈ) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၄၇။ မြို့နယ်တရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော မြို့နယ် တရားစီရင်ရေး အဖွဲ့သည် မြို့နယ်တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

## အခန်း (၁၆)

## မြို့နယ်တရားစီရင်ရေးအဖွဲ့နှင့် မြို့နယ်တရားရုံးဖွဲ့စည်းခြင်း

၄၄။ (က) မြို့နယ်တရားသူကြီးအဖွဲ့သည် တဖွဲ့လျှင် အဖွဲ့ဝင် အနည်းဆုံး ၃ ဦးပါဝင်သော မြို့နယ်တရားစီရင်ရေး အဖွဲ့များကို မိမိတို့ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဖွဲ့စည်းရာတွင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်များဖြင့် လုံလောက်မှု မရှိမှုသာလျှင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်တဦးဦးကို ဦးဆောင် စေ၍ မြို့နယ် ပြည်သူ့ ကောင်စီဝင်များဖြင့် တရားစီရင်ရေး အဖွဲ့များကို ဖွဲ့စည်းနိုင်သည်။ ပြည်သူ့ ကောင်စီဝင်များဖြင့် လုံလောက်မှုမရှိမှုသာလျှင် အခြားသင့်လျော်သည့် နိုင်ငံသား များကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၄၅။ မြို့နယ်တရားသူကြီးအဖွဲ့သည် မိမိတို့ဖွဲ့စည်းသည့် မြို့နယ် တရားစီရင်ရေး အဖွဲ့ကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲဖွဲ့စည်းနိုင်သည်။

၄၆။ မြို့နယ် ရုံးစိုက်ရာမြို့တွင် မြို့နယ်တရားရုံး အနည်းဆုံးတခုကိုဖွဲ့စည်း ထားရှိရမည်။

## အခန်း (၁၇)

## မြို့နယ်တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၄၇။ မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့် များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်တရားသူကြီးအဖွဲ့အား ဦးဆောင်မှုပေးခြင်း၊

(ခ) မြို့နယ် တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူကျင်းပခြင်း၊

(ဂ) မြို့နယ်တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) မြို့နယ် တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌ အဖြစ်ဆောင်ရွက်၍ အစည်းအဝေးများကိုဦးဆောင်ခြင်း၊

(င) မြို့နယ်တရားသူကြီးအဖွဲ့ကိုယ်စား တရားစီရင်ရေး အခြေအနေအရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် ပြည်နယ်နှင့် တိုင်း တရားသူကြီးအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း၊

(စ) မြို့နယ် တရားသူကြီးအဖွဲ့မှ သက်ဆိုင်ရာ ပြည်သူ့ကောင်စီသို့ တင်ပြရန် လိုအပ်သည့် ကိစ္စရပ်များကို မြို့နယ် တရားသူကြီး အဖွဲ့ဝင်များနှင့် ညှိနှိုင်း၍တင်ပြခြင်း၊

(ဆ) မြို့နယ်တရားသူကြီးအဖွဲ့က ထုတ်ပြန်သော အမိန့်များ၊အမိန့် ကြော်ငြာစာများကို ထုတ်ပြန်ပေးခြင်း၊

(ဇ) မြို့နယ် တရားသူကြီးအဖွဲ့က ဥက္ကဋ္ဌအား လွှဲအပ်ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၄၇။ (က) မြို့နယ်တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာ လစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက် ရမည်၊

(ခ) မြို့နယ်တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအသစ်ရွေးချယ်တင်မြှောက်ခြင်း မပြုသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ်တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန်မြို့နယ်တရားသူကြီးအဖွဲ့က တာဝန် ပေးအပ်ရမည်၊

(ဂ) မြို့နယ် တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်း တစုံတရာ ကြောင့် မိမိ၏တာဝန်ကို ယာယီထမ်းဆောင်နိုင်စွမ်း မရှိလျှင် မြို့နယ်တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

## အခန်း (၁၈)

## မြို့နယ်တရားသူကြီးအဖွဲ့ဝင်များ

၄၉။ မြို့နယ် တရားသူကြီးအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) မြို့နယ်တရားသူကြီး အဖွဲ့၏ လုပ်ငန်းများကို အကောင်အထည် ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) မြို့နယ်တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့် ကိစ္စရပ်များနှင့် ချမှတ်ရမည့်ဆုံးဖြတ်ချက်များကိုစဉ်ဆက်မပြတ် လေ့လာ၍ လိုအပ်သလိုပါဝင်တင်ပြခြင်း၊

(ဂ) မြို့နယ်တရားသူကြီးအဖွဲ့က ပေးအပ်သော အခြားတာဝန်များ ကို ထမ်းဆောင်ခြင်း။

၅၀။ မြို့နယ် တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေပုဒ်မ ၁၀၆ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

# အခန်း (၁၉)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၅၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) သက်ဆိုင်ရာ ပြည်သူ့ကောင်စီကို တာဝန်ခံခြင်း၊

(ခ) တရားစီရင်ရေးအခြေအနေကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် မြို့နယ်တရားသူကြီးအဖွဲ့သို့ အစီရင်ခံခြင်း၊

(ဂ) မိမိတို့က ဖွဲ့စည်းပေးသည့် တရားစီရင်ရေးအဖွဲ့များကိုကြီးကြပ်ကွပ်ကဲခြင်း။

၅၂။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့ တဖွဲ့က ယင်း၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော အမှုတမှုကို လက်ခံစစ်ဆေးရန်မသင့်ဟု ယူဆ၍ တင်ပြလာလျှင် မိမိတို့က ဖွဲ့စည်းထားသော ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားစီရင်ရေး အဖွဲ့တခုခုသို့ လွှဲပြောင်းပေးနိုင်ခွင့်ရှိခြင်း၊

(ခ) ပုဒ်မခွဲ(က)အရ တင်ပြသောအမှုကို မိမိတို့ရပ်ကွက်နှင့်ကျေးရွာအုပ်စုအတွင်း စစ်ဆေးစီရင်ရန်မသင့်ဟု ယူဆလျှင် မြို့နယ်တရားသူကြီးအဖွဲ့သို့ တင်ပြခွင့်ရှိခြင်း။

၅၃။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့များကဖွဲ့စည်းထားသော တရားစီရင်ရေးအဖွဲ့များသည် ပြည်သူ့တရားသူကြီးအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုကို ခံယူရမည်။

# အခန်း (၂၀)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များ

၅၄။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ အောက်ပါအတိုင်း စီရင်ပိုင်ခွင့်ရှိသည်—

(က) ကျပ်တထောင်အထိထန်ဘိုးရှိသောတရားမ မူလမှုကိုစီရင်ခြင်း၊

(ခ) သတ်မှတ်ထားသော ပြစ်မှုဆိုင်ရာ မူလမှုကို စီရင်ခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ စီရင်ပိုင်ခွင့် အတွင်းကျရောက်သောကလေး သူငယ်များ အပေါ် အရေးယူသည့် အမှုများကို ကလေး သူငယ်များ ဥပဒေအရ စီရင်ခြင်း၊

(ဃ) ပြစ်မှု ကျူးလွန်သည်ဟု စီရင်ခြင်းခံရသူအား အာမခံ သို့မဟုတ် ခံဝန်ချုပ်ဖြင့် ၁ နှစ်အထိ ကောင်းမွန်စွာ နေထိုင်စေရန် စီရင်ခြင်း၊

(င) ဥပဒေတရပ်ရပ်အရ စီရင်ခြင်း။

၅၅။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က ဖွဲ့စည်းပေးသော တရားစီရင်ရေးအဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များကို ကျင့်သုံးရမည်။

## အခန်း (၂၁)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့ ဖွဲ့စည်းခြင်း

၅၆။ (က) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် တဖွဲ့လျှင် အဖွဲ့ဝင်အနည်းဆုံး ၃ ဦး ပါဝင်သော ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေး အဖွဲ့များကို မိမိတို့ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းရမည်၊

(ခ) ဖွဲ့စည်းရာတွင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် မိမိတို့ တရားသူကြီးအဖွဲ့ဝင်တဦးဦးကို ဦးဆောင်စေ၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ပြည်သူ့ကောင်စီဝင်များဖြင့် တရားစီရင်ရေးအဖွဲ့များကိုဖွဲ့စည်းနိုင်သည်။ ပြည်သူ့ကောင်စီဝင်များဖြင့် လုံလောက်မှု မရှိမှသာလျှင် အခြားသင့်လျော်သည့် နိုင်ငံသားများကို ထည့်သွင်းဖွဲ့စည်းနိုင်သည်။

၅၇။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့သည် မိမိတို့ဖွဲ့စည်းထားသည့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားစီရင်ရေးအဖွဲ့ကို လိုအပ်လျှင် ပြင်ဆင်ပြောင်းလဲ ဖွဲ့စည်းနိုင်သည်။

# အခန်း (၂၂)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ

၅၈။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့်ကျေးရွာ အုပ်စု တရားသူကြီးအဖွဲ့အားဦးဆောင်မှုပေးခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ အစည်းအဝေးများကို ခေါ်ယူ ကျင်းပခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ အစည်းအဝေး အစီအစဉ်ကို အတည်ပြုခြင်း၊

(ဃ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အစည်းအဝေးများကို ဦးဆောင်ခြင်း၊

(င) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ကိုယ်စား တရားစီရင်ရေး အခြေအနေ အရပ်ရပ်နှင့် ပြဿနာအသီးသီးတို့ကို သက်ဆိုင်ရာ ပြည်သူ့ကောင်စီနှင့် မြို့နယ် တရားသူကြီးအဖွဲ့သို့ အခါအားလျော်စွာ တင်ပြခြင်း၊

(စ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့မှ သက်ဆိုင်ရာ ပြည်သူကောင်စီသို့ တင်ပြရန်လိုအပ်သည့်ကိစ္စရပ်များကို ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့ဝင်များနှင့် ညှိနှိုင်း၍ တင်ပြခြင်း၊

(ဆ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က ထုတ်ပြန်သော အမိန့်များကို ထုတ်ပြန်ပေးခြင်း၊

(ဇ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က မိမိအားလွှဲအပ်ထားသော လုပ်ငန်းများကို ဆောင်ရွက်ခြင်း။

၅၉။ (က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် ဥက္ကဋ္ဌနေရာလစ်လပ်လျှင် အခြေခံ ဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်နှင့် အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌအသစ် ရွေးချယ်တင်မြှောက်ခြင်းမပြုသေးမီ ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို အဖွဲ့ဝင်တဦးက ယာယီပူးတွဲထမ်းဆောင်ရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စုတရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် အကြောင်းတစုံတရာကြောင့် မိမိ၏ တာဝန်ကို ယာယီ ထမ်းဆောင်နိုင်စွမ်းမရှိလျှင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်သော အဖွဲ့ဝင်တဦးက ဥက္ကဋ္ဌ၏ တာဝန်ကို ယာယီပူးတွဲထမ်းဆောင်ရမည်။

## အခန်း (၂၃)

## ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်များ

၆၀။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်—

(က) ရပ်ကွက်နှင့်ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ခ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ အစည်းအဝေးများ၌ ဆွေးနွေးရမည့်ကိစ္စရပ်များနှင့်ချမှတ်ရမည့်ဆုံးဖြတ်ချက်များကို စဉ်ဆက်မပြတ် လေ့လာ၍ လိုအပ်သလို ပါဝင်တင်ပြခြင်း၊

(ဂ) ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့ကပေးအပ်သော အခြား တာဝန်များကို ထမ်းဆောင်ခြင်း။

၆၁။ ရပ်ကွက်နှင့် ကျေးရွာအုပ်စု တရားသူကြီးအဖွဲ့တွင် တစုံတခုသော အကြောင်းကြောင့် အဖွဲ့ဝင်နေရာလစ်လပ်လျှင် အခြေခံဥပဒေ ပုဒ်မ ၁၀၆ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ရွေးချယ်တင်မြှောက်ရမည်။

# အခန်း (၂၄)

## ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးများ

၆၂။ ပြည်သူ့တရားသူကြီးအဖွဲ့နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့တို့၏ ပုံမှန် အစည်းအဝေးကို တလလျှင် အနည်းဆုံး ၂ ကြိမ် ကျင်းပရမည်။ အရေးကြီးသောကိစ္စပေါ်ပေါက်၍ လိုအပ်လျှင် အထူးအစည်းအဝေးခေါ်ယူ ကျင်းပနိုင်သည်။

၆၃။ (က) အစည်းအဝေးအစီအစဉ်ကို သက်ဆိုင်ရာဥက္ကဋ္ဌ၏ ညွှန်ကြားချက်အရ ပြည်သူ့တရားသူကြီးအဖွဲ့ရုံး သို့မဟုတ် ဒေသဆိုင်ရာ တရားရေးဝန်ထမ်းရုံးက တင်ပြရမည်၊

(ခ) အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းလိုသောကိစ္စရပ်များကို သက်ဆိုင်ရာ တရားသူကြီးအဖွဲ့ဝင်များက ကြိုတင်အကြောင်းကြားခွင့်ရှိသည်။ ယင်းအကြောင်းကြားချက်များကို သက်ဆိုင်ရာဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့်ထည့်သွင်းပေးရမည်။

၆၄။ (က) ပြည်သူ့ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌသည် ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒေသဆိုင်

ရာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌသည် မိမိနှင့်သက်ဆိုင်သော ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးများတွင် ဥက္ကဋ္ဌအဖြစ်လည်းကောင်း ဆောင်ရွက်ရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ပြည်သူ့တရားသူကြီးအဖွဲ့ဝင် တဦးအားအစည်းအဝေးဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ကတာဝန်ပေးရမည်၊

(ဂ) ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ အစည်းအဝေး မတက်ရောက်နိုင်ပါက ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့ဝင်တဦးအား အစည်းအဝေးဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ရန် သက်ဆိုင်ရာ တရားသူကြီးအဖွဲ့က တာဝန်ပေးအပ်ရမည်။

၆၅။ အစည်းအဝေးဆုံးဖြတ်ချက်များကို အဖွဲ့ဝင်ထက်ဝက်ကျော်၏ သဘောတူညီချက်ဖြင့် ချမှတ်ရမည်။

၆၆။ (က) ပြည်သူ့တရားသူကြီးအဖွဲ့ အစည်းအဝေးတွင် အဖွဲ့ဝင်ခုနစ်ဆယ့်ငါးရာခိုင်နှုန်း တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်၊

(ခ) ပြည်သူ့ တရားသူကြီးအဖွဲ့ အစည်းအဝေး အထမြောက်စေရန်လိုအပ်သည့် အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်း မရှိပါက အစည်းအဝေး ထပ်မံဖိတ်ခေါ် ကျင်းပရမည်၊

(ဂ) ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင် ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့ဝင် ဦးရေ၏ ထက်ဝက်ကျော် တက်ရောက်မှသာလျှင် အစည်းအဝေး အထမြောက်သည်။ သို့ရာတွင် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့တွင် အဖွဲ့ဝင် ၃ ဦးသာရှိလျှင်သာမန်အားဖြင့် အဖွဲ့ဝင် ၃ ဦးတက်ရောက်မှသာ အစည်းအဝေး အထမြောက်သည်၊

(ဃ) ဒေသဆိုင်ရာတရားသူကြီးအဖွဲ့ အစည်းအဝေး အထမြောက်စေရန် လိုအပ်သည့် အဖွဲ့ဝင်ဦးရေ တက်ရောက်ခြင်း မရှိပါက အစည်း

အဝေး ထပ်မံဖိတ်ခေါ်ကျင်းပရမည်။ အဖွဲ့ဝင် ၃ ဦးသာရှိသော ဒေသဆိုင်ရာတရားသူကြီးအဖွဲ့၏ ဒုတိယအကြိမ် အစည်းအဝေးတွင်အဖွဲ့ဝင် ၂ ဦး တက်ရောက်ပါက အစည်းအဝေး အထမြောက်သည်၊

(င) အဖွဲ့ဝင် ၃ ဦးသာရှိပြီး ၂ ဦးသာတက်ရောက်သောဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင်သဘောကွဲလွဲမှုမရှိပဲ ၂ ဦး သဘောတူညီမှုသာ ဆုံးဖြတ်ချက် ချမှတ်ရမည်။ သဘောကွဲလွဲမှုရှိပါက ဆုံးဖြတ်ချက် ချမှတ်ခြင်းမပြုပဲ အဖွဲ့ဝင် ၃ ဦး တက်ရောက်သည့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ အစည်းအဝေးတွင်သာဆုံးဖြတ်ရမည်။

၆၇။ အစည်းအဝေးဆုံးဖြတ်ချက်များကို လိုအပ်သလို မှတ်တမ်းတင်ထားရမည်။ အစည်းအဝေး မှတ်တမ်းများကို နောက်တကြိမ် အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၆၈။ ပြည်သူလူထုသို့ ထုတ်ပြန်ထားခြင်းမရှိသော မှတ်တမ်းများနှင့် ဆောင်ရွက်ချက်များသည် နိုင်ငံတော်၏ လျှို့ဝှက်ချက်များဖြစ်သည်။

## အခန်း (၂၅)

## ပြည်သူ့တရားသူကြီးအဖွဲ့ဝင်နှင့် ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ဝင်များ၏ ကျင့်ဝတ်နှင့် စည်းကမ်းများ

၆၉။ ပြည်သူ့တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတာဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိတို့၏ လုပ်ဆောင်ချက်များကို ပြည်သူ့တရားသူကြီး အဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) ပြည်သူ့တရားသူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေး မှတ်တမ်းများနှင့် မိမိတို့ပါဝင်သော တရားစီရင်ရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ထုတ်ပြန်ကြေညာခြင်း မပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက် ရမည်၊

(ဃ) တာဝန်ထမ်းဆောင်ရာ၌ အဂတိမလိုက်စားပဲ ဖြောင့်မတ် တည် ကြည်စွာ ထမ်းဆောင်ရမည်၊

(င) မိမိတာဝန်သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံရမည်။

၇၀။ ဒေသဆိုင်ရာ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အောက်ပါ ကျင့်ဝတ်နှင့် စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်—

(က) နိုင်ငံတဝန်းလုံးနှင့် နိုင်ငံသားအားလုံး၏ အကျိုးစီးပွားကို ဦးတည်၍ ဆောင်ရွက်ရမည်၊

(ခ) မိမိ၏ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ တရားသူကြီးအဖွဲ့သို့ အစီရင်ခံရမည်၊

(ဂ) သက်ဆိုင်ရာ တရားသူကြီးအဖွဲ့၏ ဆုံးဖြတ်ချက်များ၊ အစည်းအဝေးမှတ်တမ်းများနှင့် မိမိတို့ ပါဝင်သောတရားစီရင်ရေးအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို ထုတ်ပြန်ကြေညာခြင်းမပြုသေးသရွေ့ နိုင်ငံတော်၏ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းစောင့်ရှောက်ရမည်၊

(ဃ) ပြည်သူ့ကောင်စီဝင်များ လိုက်နာရမည့် ကျင့်ဝတ်နှင့်စည်းကမ်းများကို လိုက်နာစောင့်ထိန်းရမည်၊

(င) တာဝန်ထမ်းဆောင်ရာ၌ အဂတိ မလိုက်စားပဲ ဖြောင့်မတ်တည်ကြည်စွာ ထမ်းဆောင်ရမည်၊

(စ) မိမိတာဝန် သိက္ခာနှင့်အညီ ပြောဆိုနေထိုင်ကျင့်ကြံရမည်။

## အခန်း (၂၆)

## ပြစ်ဒဏ်များ

၇၁။ ပြည်သူ့ တရားသူကြီးအဖွဲ့၊ ပြည်နယ်နှင့်တိုင်း တရားသူကြီးအဖွဲ့နှင့် မြို့နယ် တရားသူကြီးအဖွဲ့များသည် ပြစ်မှုဆိုင်ရာအမှုများတွင် ဥပဒေအရ ခွင့်ပြုထားသော ပြစ်ဒဏ်အားလုံးကို စီရင်နိုင်သည်။

၇၂။ ရပ်ကွက်နှင့် ကျေးရွာ အုပ်စု တရားသူကြီးအဖွဲ့သည် ပြစ်မှုဆိုင်ရာ အမှုများတွင် ထောင်ဒဏ် ၁ လအထိ သို့မဟုတ် ငွေဒဏ်ကျပ်ငါးဆယ်အထိ သို့မဟုတ် ပြစ်ဒဏ် ၂ ရပ်လုံးကို စီရင်နိုင်သည်။

# အခန်း (၂၇)

## အထွေထွေ

၇၃။ ပြည်သူ့တပ်မတော်သားများအတွက် စစ်ဖက်တရားစီရင်ရာတွင်မူ အဖွဲ့ဖြင့်ဖြစ်စေ၊ တဦးတည်းဖြင့်ဖြစ်စေ ဥပဒေနှင့်အညီ စီရင်နိုင်သည်။

၇၄။ လုပ်ငန်းဆိုင်ရာ တရားစီရင်ရေးအဖွဲ့များကို ဥပဒေနှင့်အညီ ဖွဲ့စည်းနိုင်သည်။

၇၅။ တရားစီရင်ရေးအဖွဲ့များက တရားစီရင်ရေးနှင့်ဆက်နွယ်သော လုပ်ငန်းများကိုချောမောပြေပြစ်စွာဆောင်ရွက်နိုင်ရန်အလို့ငှာ လိုအပ်သောအမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများကို ပြည်သူ့တရားသူကြီးအဖွဲ့သည် ဥပဒေနှင့်အညီ ထုတ်ပြန်နိုင်သည်။

၇၆။ တရားစီရင်ရေးအဖွဲ့ တဖွဲ့လုံးဖြစ်စေ၊ အဖွဲ့ဝင် တဦးတယောက်ဖြစ်စေ ပြောင်းလဲခြင်းကြောင့် စစ်ဆေးဆဲပြစ်မှုဆိုင်ရာ အမှုကို အစမှတဖန် ပြန်လည်စစ်ဆေးပေးရန် တရားခံက တောင်းဆိုလျှင် တရားစီရင်ရေးအဖွဲ့ကငြင်းဆိုနိုင်သည်။

၇၇။ သက်သေတဦးတယောက်၏ အစစ်ခံချက်သည် အရေးပါ အရာရောက်လိမ့်မည်မဟုတ်ဟု တရားစီရင်ရေးအဖွဲ့ကတွေ့မြင်လျှင် ထိုသက်သေကိုမစစ်ဆေး

ပဲနေနိုင်သည်။ အကယ်၍ သက်သေတဦးတယောက်၏ အစစ်ခံချက်သည် အရေးပါ အရာရောက်လိမ့်မည်ဟု တရားစီရင်ရေးအဖွဲ့က တွေ့မြင်လျှင်မည်သူ ကိုမဆို သက်သေအဖြစ် ခေါ်ယူစစ်ဆေးနိုင်သည်

၇၈။ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များသည် နိုင်ငံတော်ကောင်စီ၏ သဘော ထူညီချက်ဖြင့်သာ ပြည်ပသို့ ခရီးသွားခွင့်ရှိသည်။

၇၉။ (က) ပြည်သူ့တရားသူကြီးအဖွဲ့၏ ရုံးလုပ်ငန်း အဝဝတို့ကို တာဝန်ယူ ဆောင်ရွက်ရန် ပြည်သူ့တရားသူကြီးအဖွဲ့ရုံးကို ဖွဲ့စည်းထားရှိ ရမည်၊

(ခ) ပြည်သူ့တရားသူကြီးအဖွဲ့ရုံး၏ ဖွဲ့စည်းပုံ၊ တာဝန်နှင့် လုပ်ပိုင်ခွင့် များကို သီးခြားသတ်မှတ်ပေးရမည်၊

(ဂ) ဒေသဆိုင်ရာတရားသူကြီးအဖွဲ့ ရုံးလုပ်ငန်းကို သက်ဆိုင်ရာဒေသရှိ တရားရေးဝန်ထမ်းရုံးက ဆောင်ရွက်ပေးရမည်။

၈၀။ တရားသူကြီးအဖွဲ့များသည် လွှတ်တော်နှင့်သက်ဆိုင်ရာ ပြည်သူ့ကောင်စီ သို့တင်ပြရန် ကိစ္စများကို ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့ကောင်စီဥပဒေ၊ နည်းဥပဒေများနှင့်အညီ တင်သွင်းရမည်။

၈၁။ ပြည်သူ့တရားသူကြီး အဖွဲ့ဝင်များသည် မိမိတို့၏ လစာ၊ စရိတ် ကြေးငွေနှင့် အခြားတရားဝင်ခံစားခွင့်များမှအပ အခြား လစာ၊ စရိတ်ကြေးငွေ များကို လက်ခံခွင့်မရှိစေရ။ မိမိအတွက် အခြား အကျိုးအမြတ် ရရှိသည့် မည်သည့် ရာထူးဌာနန္တရကိုလည်းကောင်း၊ စီးပွားရေးလုပ်ငန်းကိုလည်းကောင်း လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၈၂။ ဒေသဆိုင်ရာ တရားသူကြီး အဖွဲ့ဝင်များသည် သီးခြား သတ်မှတ် ထားသော လစာ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် အခြားစရိတ်နှင့် ရပိုင်ခွင့် များကို ခံစားပိုင်ခွင့်ရှိသည်။

၇၃။ အောက်ဖော်ပြပါ ဥပဒေနှင့်အမိန့်များကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်—

(က) ၁၉၄၇ ခုနှစ်၊ ပြည်ထောင်စု တရားစီရင်ရေးအက်ဥပဒေ၊

(ခ) ၁၉၅၀ ပြည့်နှစ်၊ တရားရုံးများအက်ဥပဒေ၊

(ဂ) ၁၉၅၃ ခုနှစ်၊ ပြည်နယ်တရားရုံးများအက်ဥပဒေ၊

(ဃ) The Burma Small Cause Courts Act, 1887.

(င) The Special Judges Act, 1946.

(စ) The Special Crimes (Tribunal) Act, 1947.

(ဆ) The Shan State Civil Justice (Subsidiary) Order, 1906.

(ဇ) ပြည်ထောင်စု မြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၁၁၃။